# ပထမအကြိမ် အမျိုးသားလွှတ်တော်(၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး
# ၃၆ ရက်မြောက်နေ့ အစီအစဉ်
# [ ၃၀ - ၃ - ၂၀၁၅ ]
# (တနင်္လာနေ့)

၁။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ အမျိုးသားလွှတ်တော် ၃၆ ရက်မြောက်နေ့ အစည်းအဝေး အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း -

(က) ဗိုလ်မှူးအောင်ကိုမင်း၊ တပ်မတော်သား ကိုယ်စားလှယ်၏ **ကမ္ဘာ့အိုလံပစ် အားကစားပြိုင်ပွဲ (Sea Game) နှင့် မြန်မာ့ရိုးရာ အားကစားပြိုင်ပွဲများတွင် ကျင်းပလျက်ရှိသော ဘောလုံး၊ ဘော်လီဘော၊ ဖူဆယ်၊ ပိုက်ကျော်ခြင်း၊ ခြင်းလုံး၊ Boxing လက်ဝှေ့၊ မြန်မာ့ရိုးရာလက်ဝှေ့၊ ဘတ်စကက်ဘော၊ ဟော်ကီ၊ ကြက်တောင်၊ တင်းနစ်၊ စားပွဲတင်တင်းနစ် စသည့် အားကစားနည်းများအား ဆုကြေးစားစနစ်အဖြစ် အမျိုးသား/အမျိုးသမီး နှစ်မျိုးလုံး ပါဝင်နိုင်မည့် Pro sport System ကျင့်သုံးအကောင်အထည်ဖော်ပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ခ ) ဦးခမ်ဆွင်းမုန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၏ **တီးတိန်မြို့တွင် ၆၆ ကေဗွီ ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံ တည်ဆောက်ပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးနု၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၏ **မင်္ဂလာဒုံမြို့နယ်၊ ပုလဲမြို့သစ်၊ ပုလဲ(၃)ရပ်ကွက်တွင် လျှပ်စစ်အန္တရာယ်ကျရောက်နိုင်သည့် အခြေအနေအရပ်ရပ်တို့ကြောင့် လျှပ်စစ်မီးတိုင်၊ မီးကြိုးနှင့်ဆက်စပ်ပစ္စည်းများ အမြန်ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ပါရန် အကြိမ်ကြိမ် တင်ပြခဲ့သော်လည်း (၃)နှစ်ခန့် ကြာကာလတိုင်အောင် မဆောင်ရွက်ပေးခဲ့ခြင်းကို သိရှိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးသော်ဇင်ဦး၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)၏ **ပခုက္ကူမြို့နယ်၊ ကျွန်းချောင်းလျှပ်စစ်ဓာတ်အားပေးစက်ရုံမှ မြစ်ခြေကျေးရွာသို့ သွယ်တန်းသည့် 11 KVA လိုင်းအား အဆင့်မြှင့်တင်ပေးရန်နှင့် မြစ်ခြေကျေးရွာအုပ်စုအတွင်း အသုံးပြုနေသည့် သစ်သားလျှပ်စစ်မီးတိုင်များအား ကွန်ကရစ်တိုင်များဖြင့် အစားထိုးလဲလှယ်ပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးကျွန်ခဲန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၏ **ဖလမ်းမြို့နယ်၊ ဝေဘူလကျေးရွာနှင့် ရာလ်အွမ်ကျေးရွာကြားရှိ ဘုတ်ချောင်းမှ ရေအားလျှပ်စစ်ထုတ်လုပ်ပြီး အနီးအနား(၁၂)ရွာ၊ အိမ်ခြေ (၄၀၀)ကျော်အား လျှပ်စစ်မီးဖြန့်ဝေပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း။

၆။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော ပြည်တွင်းရေကြောင်းသွားရေယာဉ် ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းအား အသိပေး တင်ပြခြင်း။

၇။ အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော ပြည်တွင်းရေကြောင်းသွားရေယာဉ် ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းအား ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

၈။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော လူဦးရေတိုးပွားနှုန်း ထိန်းညှိခြင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှု ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းအား အသိပေး တင်ပြခြင်း။

၉။ အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော လူဦးရေတိုးပွားနှုန်း ထိန်းညှိခြင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှု ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းအား ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်းဥက္ကဋ္ဌက ကြေညာခြင်း။

၁၀။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ သို့မဟုတ် ယင်းကတာဝန်ပေးအပ်သည့်ပုဂ္ဂိုလ်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြုပြီး ပေးပို့လာသော ၁၉၉၃ ခုနှစ်၊ စည်ပင်သာယာရေးအဖွဲ့များ ဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် - ၅/၉၃) ကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြား တင်သွင်းခြင်း။

၁၁။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြုပြီး ပေးပို့လာသော ၁၉၉၃ ခုနှစ်၊ စည်ပင်သာယာရေးအဖွဲ့များ ဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် - ၅/၉၃)ကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း။

၁၂။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် ၃၆ ရက်မြောက်နေ့ အစည်းအဝေး ရပ်နားကြောင်းနှင့် ၃၇ ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။